၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်

# ကယားပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ

# အချက်အလက်များ





ပွင့်လင်းမြင်သာ ပြည်သူ့ဘဏ္ဍာ




**KAYAH STATE CITIZEN'S BUDGET**

**2018 - 2019 Fiscal Year**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဥယျောဇဉ် | ၁-၂ |
| ၂ | သရုပ်ဖော် ကာတွန်းပုံ | ၃ |
| ၃ | နိုင်ငံတော်၏စီးပွားရေးမူဝါဒများ | ၄-၅ |
| ၄ | ဘဏ္ဍာရေးမူဝါဒ | ၆ |
| ၅ | ကယားပြည်နယ်၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ | ၇-၈ |
| ၆ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ စီးပွားရေး အခြေအနေ၊ ရှေ့အလားအလာများ၊ ခြုံငုံသုံးသပ်ချက်များ | ၉-၁၀ |
| ၇ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ | ၁၁ |
| ၈ | သရုပ်ဖော် ကာတွန်းပုံ | ၁၂ |
| ၉ | နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲတင်ပြရန် အချိန်ဇယား | ၁၃ |
| ၁၀ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ | ၁၄ |
| ၁၁ | သရုပ်ဖော် ကာတွန်းပုံ | ၁၅-၁၆ |
| ၁၂ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ မူလခွင့်ပြုငွေစာရင်း | ၁၇-၁၈ |
| ၁၃ | သရုပ်ဖော် ကာတွန်းပုံ | ၁၉ |
| ၁၄ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ရငွေလျာထားချက်နှင့် သာမန်အသုံးစရိတ် လျာထားချက် | ၂၀ |
| ၁၅ | သရုပ်ဖော် ကာတွန်းပုံ | ၂၁ |
| ၁၆ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ငွေလုံးငွေရင်းအသုံးစရိတ်လျာထားချက်၊ အုပ်ချုပ်မှုအသုံးစရိတ်လျာထားချက်နှင့် ဒေသဖွံ့ဖြိုးရေးအသုံးစရိတ်လျာထားချက် | ၂၂ |
| ၁၇ | သရုပ်ဖော် ကာတွန်းပုံ | ၂၃ |
| ၁၈ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဒေသဖွံ့ဖြိုးရေးအသုံးစရိတ် လျာထားချက် | ၂၄ |
| ၁၉ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ အသုံးစရိတ်များမှ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများ၏ အသုံးစရိတ်ကောက်နုတ်ချက် | ၂၅ |
| ၂၀ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် လွိုင်ကော်မြို့နယ်တွင် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အသုံးစရိတ်ကောက်နုတ်ချက် | ၂၆-၃၃ |
| ၂၁ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒီးမော့ဆိုမြို့နယ်တွင် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အသုံးစရိတ်ကောက်နုတ်ချက် | ၃၄-၃၉ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖရူဆိုမြို့နယ်တွင် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အသုံးစရိတ်ကောက်နှုတ်ချက် | ၄၀-၄၄ |
| ၂၃ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဘောလခဲမြို့နယ်တွင် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အသုံးစရိတ်ကောက်နှုတ်ချက် | ၄၅-၄၉ |
| ၂၄ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖားဆောင်းမြို့နယ်တွင် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အသုံးစရိတ်ကောက်နှုတ်ချက် | ၅၀-၅၄ |
| ၂၅ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မယ်စဲ့မြို့နယ်တွင် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အသုံးစရိတ်ကောက်နှုတ်ချက် | ၅၅-၅၉ |
| ၂၆ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှားတောမြို့နယ်တွင် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အသုံးစရိတ်ကောက်နှုတ်ချက် | ၆၀-၆၄ |
| ၂၇ | သရုပ်ဖော် ကာတွန်းပုံ | ၆၅ |
| ၂၈ | ဆက်သွယ်အကြံပြုရန်လိပ်စာ၊ Email နှင့် ဖုန်းနံပါတ်များ | ၆၆ |

# ဥယျာဇဉ်



၁။ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်သည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်၍ နှစ်စဉ် အောက်တိုဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့ အထိ ပြောင်းလဲ သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ **“၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ”** ကို ပြည်ထောင်စုလွှတ်တော်က (၁၃-၉-၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁)ရက် မြောက်နေ့တွင် အတည်ပြုခဲ့ပြီး ၂၁-၉-၂၀၁၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ ဥပဒေကို အတည်ပြုပြီး နောက်ပိုင်း၌ **“၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ”** ကို ၅-၁၀-၂၀၁၈ ရက်နေ့တွင် ကယားပြည်နယ်လွှတ်တော်မှ ဥပဒေအမှတ် (၁၂) ဖြင့် အတည်ပြုခဲ့ပြီး ကယားပြည်နယ်ဝန်ကြီးချုပ်က လက်မှတ် ရေးထိုး၍ ပြဋ္ဌာန်းခဲ့ပါသည်။

၃။ ဥပဒေနှင့်အညီ လျာထားသုံးစွဲမည့် ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲရာ၌ ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ အလေအလွင့် မရှိ ထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ခေတ်နှင့်လျော်ညီသည့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း (၃၅/၂၀၁၇) ပါညွှန်ကြားချက်များနှင့်အညီ လိုက်နာ ကျင့်သုံး ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများကို ခွဲဝေရာတွင် နိုင်ငံတော်၏ ဘဏ္ဍာရေးမူဝါဒ ကယားပြည်နယ်၏ မူဝါဒများနှင့်အညီ ပြည်သူလူထုအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ လျှပ်စစ်မီးလင်းရေး၊ သောက်သုံးရေ ရရှိရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများကို ကဏ္ဍအလိုက် ဦးစားပေးအစီအစဉ်အတိုင်း စနစ်တကျ ခွဲဝေသုံးစွဲလျက် ရှိပါသည်။

၅။ ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ကယားပြည်နယ်၏ မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်နေမှုများကို ပြည်သူလူထုသို့သိရှိစေရန်ရည်ရွယ်၍ ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစွာ ဖော်ပြထားသည့် ဤ **“ Citizen’s Budget ”** စာစောင်ကို ထုတ်ဝေရခြင်း ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၏ ပထမအချက်ဖြစ်သည့် **“ ပွင့်လင်းမြင်သာပြီး ကောင်းမွန် တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန် ”** ဟူသည့် မူဝါဒနှင့်အညီ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်နယ်သူ၊ ပြည်နယ်သားများ သိရှိစေရန် အစီရင်ခံအပ်ပါသည်။

ဦးအယ်လ်ဖောင်းရှို

ပြည်နယ်ဝန်ကြီးချုပ်

ကယားပြည်နယ်အစိုးရအဖွဲ့


Citizen's Budget
စာစောင် ဆိုတာ ဘာကို ပြောတာလဲ
Citizen's Budget
စာစောင် ဆိုတာ တိုင်းပြည်ရဲ့ ရငွေ/သုံးငွေ အခြေအနေတွေကို အကျဉ်းချုပ်ပြီး ပြည်သူတွေသိအောင် ပွင့်ပွင့်လင်းလင်း ပြောပြထားတဲ့ စာစောင်ပါရှင့် …
KAR TOON
2018

# နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ

၁။ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊

၂။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသောလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်၊

၃။ ခေတ်မီဖွံ့ဖြိုးသောစီးပွားရေးကို ဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

၄။ လျှပ်စစ်ဓါတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစသည့် အခြေခံစီးပွားရေး အဆောက်အအုံများ လျှင်မြန်စွာတိုးတက်လာစေရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် Data ID Card System၊ Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်၊

၅။ ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန်၊

၆။ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊

# နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ

၇။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့ လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒများသီးခြားရေးဆွဲဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်၊

၈။ အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှုရရှိလာစေရေး ဆောင်ရွက်ရန်၊

၉။ သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေ ဖြစ်စေမည့် မြို့ပြများတည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုအမွေ အနှစ်များကို ပိုမိုစောင့်ရှောက် ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်၊

၁၀။ နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသောအခွန်စနစ်ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်၊

၁၁။ တီထွင်ဖန်တီးမှုစွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာ တိုးတက်မှုများကို အားထုတ်ကြိုးပမ်းဖြစ်ပေါ်နိုင်စေသည့် အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသောနည်းစနစ် များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်၊

၁၂။ စီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားဒေသများအတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည် ထူထောင်ရန်။

# ဘဏ္ဍာရေးမူဝါဒ

## အခွန်မူဝါဒ

(၁) ပြည်ထောင်စုအစိုးရက နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးပြုစေမည့် အသုံးစရိတ်များကို သုံးစွဲနိုင်ရန်၊ ရသင့်ရထိုက်သည့် အခွန်အကောက်များကို ဥပဒေနှင့်အညီ အပြည့်အဝ ကောက်ခံရရှိရေး ကြိုးပမ်း ဆောင်ရွက်ရန်၊

(၂) ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူဖြစ်စေမည့် နိုင်ငံတကာ စံနှုန်းများနှင့် လျော်ညီသည့် အခွန်စနစ် ဖြစ်ထွန်းပေါ်ပေါက်စေရန်၊

(၃) အမျိုးသားအကျိုးစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊

(၄) သဘာဝပတ်ဝန်းကျင်နှင့် တွင်းထွက်သယံဇာတများ ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းကျောင်းပေးရန်၊

## အသုံးစရိတ်မူဝါဒ

(၁) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဆက်လက် တိုးမြှင့်သုံးစွဲရန်၊

(၂) ပြည်သူလူထုကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်၊

(၃) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် အသုံးစရိတ်များအား ခွဲဝေချထားရန်၊

(၄) ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျ စိစစ်ခွင့်ပြုရန်၊

(၅) စီမံကိန်းများအား ဦးစားပေးအဆင့်ခွဲခြားပြီး လတ်တလောဆောင်ရွက်ရန် မလိုအပ်သေးသည့် စီမံကိန်းများကို ရွှေ့ဆိုင်းဆောင်ရွက်ရန်၊

(၆) ပစ္စည်းဝယ်ယူမှုများကို စနစ်တကျ စိစစ်ဆောင်ရွက်ရန်နှင့် ပြည်တွင်းကျပ်ငွေဖြင့် ဝယ်ယူနိုင်သည့် ပစ္စည်းများကို ပြည်တွင်းကျပ်ငွေဖြင့်သာ ဝယ်ယူပြီး နိုင်ငံခြားငွေသုံးစွဲမှုကို တတ်နိုင်သမျှလျှော့ချရန်၊

(၇) ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးယူရငွေများကိုစိစစ်ရယူပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲရန်၊

(၈) ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးတို့အတွက် တိုးမြှင့်သုံးစွဲရန်။

# ကယားပြည်နယ်၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ

## မူဝါဒ

(၁) စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ကဏ္ဍစုံ၊ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(၂) ပြည်နယ်အတွင်း မြို့ပြနှင့်ကျေးလက် မျှတစွာဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားနယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်လာစေရေး၊

(၃) စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေးနှင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာရေး၊

(၄) အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတိုးတက်ရေး၊

(၅) လူ့အရင်းမြစ်များ မွေးထုတ်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုး တိုးတက်စေရေး၊

(၆) ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံသားတိုင်း မိမိတို့ လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို ပိုမိုစောင့်ရှောက် ထိန်းသိမ်းရေး စသည့် မြို့ပြလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး၊

(၇) အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ရေး၊ မြို့ပြများထူထောင် ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုစောင့်ရှောက်ထိန်းသိမ်းရေးစသည့် မြို့ပြ လုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး။

## ရည်မှန်းချက်

(၁) လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာများ၊ သွင်းအားစုများ၊ ငွေရေး ကြေးရေးအရင်းအနှီးများ ရရှိရေးနှင့် ဈေးကွက်စနစ် ဖော်ဆောင်နိုင်ရန်၊

(၂) မြို့ပြနှင့် ကျေးလက်နေ ပြည်သူတို့ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို အချိုးကျမျှတစွာ ခံစားရရှိနိုင်ရေးဆောင်ရွက်ရန်၊

(၃) ပြည်နယ်အတွင်းရှိ ပြည်သူတစ်ရပ်လုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေမည့် နည်းလမ်းများရှာဖွေ ဆောင်ရွက်ရန်၊

# ကယားပြည်နယ်၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ

(၄) နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊

(၅) ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်။

## လုပ်ငန်းစဉ်

(၁) ပြည်နယ်၏ မူဝါဒနှင့်အညီ နှစ်ရှည်၊ နှစ်လတ်၊ နှစ်စဉ်စီမံကိန်းများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများရေးဆွဲခြင်း၊

(၂) စီးပွားရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(၃) ပြည်နယ်၏ လူမှုစီးပွားဘဝကို အဓိကအထောက်အကူပြုလျက်ရှိသော စိုက်ပျိုးရေးကဏ္ဍကို တိုးတက်အောင် ဆောင်ရွက်ခြင်း၊

(၄) ပြည်ပနိုင်ငံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ ပေါင်းစည်းရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၅) ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန် ခရိုင်၊ မြို့၊ ကျေးရွာချင်းဆက် လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးကွန်ယက်များ တိုးမြှင့်ဆောင်ရွက်ခြင်း၊

(၆) ပြည်နယ်အတွင်း မြို့ပြနှင့်ကျေးလက် မျှတစွာဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားနယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(၇) ပြည်နယ်၏အခွန်ဝင်ငွေများမျှတစွာဖြင့် တိုးတက်ရရှိရေးနှင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ခြင်း၊

(၈) ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍများမှ စာရင်းဇယားကိန်းဂဏန်း အချက်အလက်များ တိကျမှန်ကန်အောင် ဆောင်ရွက်စေခြင်း။

## ၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ်

## ကယားပြည်နယ်၏ စီးပွားရေးအခြေအနေ၊ ရှေ့အလားအလာများ၊ ခြုံငုံသုံးသပ်ချက်များ

### စီးပွားရေးအခြေအနေ

ကယားပြည်နယ်သည် သဘာဝသယံဇာတများကြွယ်ဝပြီး ရာသီဥတုနှင့်သဘာဝအနေအထား ကောင်းမွန်ခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်လျက်ရှိကြပြီး အခြားလုပ်ငန်းများအနေဖြင့် သစ်တောအခြေခံလုပ်ငန်းများ၊ သတ္တုတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ၊ အသေးစားနှင့်အလတ်စားစက်မှုလက်မှုလုပ်ငန်းများနှင့် ရေစီးသန်သော မြစ်ချောင်းများ၊ ရေတံခွန်များရှိခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများကို အဓိကဆောင်ရွက်လျက်ရှိကြပြီး နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းကို အနာဂတ်တွင် တိုးတက်လာမည့်စီးပွားရေးလုပ်ငန်းအဖြစ် မျှော်မှန်း ဆောင်ရွက်သွားနိုင်မည်ဟု သုံးသပ်မိပါသည်။

### ရှေ့အလားအလာများ

ကယားပြည်နယ်ရှိ လူဦးရေအများစု၏ အသက်မွေးမှုသည် စိုက်ပျိုးမွေးမြူရေးနှင့်ဆက်စပ်နေခြင်းကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို ဦးစားပေး ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေယာရှိခြင်း၊ စိုက်ပျိုးဖြစ်ထွန်းသောရာသီဥတုကောင်းရှိပြီး လုပ်သားနှင့် ခွန်အားပြည့်စုံသည့် လူသားအရင်းမြစ်အားသာချက်များကို အလားအလာကောင်းများအဖြစ် အသုံးချနိုင်မည်ဖြစ်ပါသည်။ ရေရှည်အတွက် အကျိုးဖြစ်ထွန်းစေမည့်သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း ဆောင်ရွက်ခြင်း၊ မော်ချီးသတ္တုတွင်းမှ ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာနှင့် ခနောက်စိမ်း သတ္တုများကို အမှတ်(၂)သတ္တုတွင်းနှင့် သတ္တုတွင်းဦးစီးဌာနများမှ ကုမ္ပဏီများသို့ လုပ်ကွက်များချကာ အကျိုးတူဖက်စပ်ဆောင်ရွက်လျက်ရှိခြင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရေးအတွက် စက်မှုရပ်ကွက်မှ စက်မှုဇုန်အဖြစ်အဆင့်မြှင့်တင်ကာ ပြည်နယ်အတွင်း အသေးစားအလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ငန်းရှင်များအား SME ဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့မှ ချေးငွေများထုတ်ချေးပံ့ပိုးလျက်ရှိခြင်း၊ အရှိန်ရလာပြီဖြစ်သော ပြည်နယ်၏ ခရီးသွားလုပ်ငန်းများ ဆက်လက်တိုးတက်ရေးအတွက် ကယားမျိုးနွယ်စုများ၏ ရပ်ရွာအခြေပြု ခရီးသွားကျေးရွာများနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနေရာသစ်များ ထပ်မံဖော်ထုတ်ခြင်း၊

ဟိုတယ်များတိုးချဲ့ဖွင့်လှစ်ခြင်း စသည့်လုပ်ငန်းများကို ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်နယ်၏ မြို့တော် လွိုင်ကော်နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင် ညီအစ်မမြို့တော် ရည်မှန်းထား ရှိခြင်းအပေါ် ခရီးသွားလုပ်ငန်းများ ဆက်လက်တိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်လျက် နယ်စပ် ကုန်သွယ်မှုပါ ဖွံ့ဖြိုးလာရန် ထိုင်းနိုင်ငံနယ်စပ်နှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ခြင်းများကို ရှေ့အလားအလာကောင်းများအဖြစ် ရည်မှန်းဆောင်ရွက်ရမည် ဖြစ်ပါ သည်။

## ခြုံငုံသုံးသပ်ချက်

ကယားပြည်နယ်တွင် ၂၀၁၈ ခုနှစ်၊ မေလ၌ ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပခဲ့ပြီး ပြည်နယ် အတွင်း စီးပွားရေးလုပ်ကိုင်နိုင်ရန် လက်တွေ့ကျကျ ဖိတ်ခေါ်ဆွေးနွေး ညှိနှိုင်းနိုင်ခဲ့ခြင်းကြောင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများ အလွန်စိတ်ဝင်စားလျက်ရှိသည့် အနာဂတ်အတွက် အလားအလာကောင်းသော ဒေသဖြစ်ပါသည်။ ဖိုရမ်ရလဒ်အရ ပြည်နယ်အတွင်း စီးပွားရေးဖွံ့ဖြိုးမှု အတွက် ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်း၊ သတ္တုလုပ်ငန်းနှင့် SMEs လုပ်ငန်းများ ကို အဓိကထား၍ ကာလတိုအတွင်း တိုးတက်ရေးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ဘဏ္ဍာရေးနှစ် အသစ်ဖြစ်သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ( ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ အထိ) အတွက် ကဏ္ဍအလိုက်၊ ဒေသအလိုက် လတ်တလောလိုအပ်ချက်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုခွဲခြားပြီး နိုင်ငံတော်မှ ခွင့်ပြုနိုင်မည့် ရန်ပုံငွေပမာဏအတွင်းမှ အထိရောက်ဆုံးဖြစ်စေရန်နှင့် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းပါ ဒေသအလိုက်၊ ကဏ္ဍအလိုက် ရည်မှန်းချက်များအောင်မြင်မှုရရှိနိုင်ရန် အထက်အောက် ဘေးနံချိတ်ဆက်လျက် ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်း ဦးတည်ရှေ့ရှုလျက် ဒေသဖွံ့ဖြိုးရေးကို အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**( ဇစ်မြစ် ။     စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ကယားပြည်နယ်)**

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## ကယားပြည်နယ်၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ

| | | | |
|---|---|---|---|
| ၁။ | ကယားပြည်နယ်၏ စုစုပေါင်းပြည်တွင်းအသားတင်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) | ကျပ် ၃၆၀,၁၂၈.၄၀၀ | သန်း |
| ၂။ | လူတစ်ဦးချင်း၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (Percapita GDP) | ကျပ် ၁.၁၄၇ | သန်း |
| ၃။ | လိုငွေနှင့် GDP အချိုး | ၁၅.၂၅ | % |
| ၄။ | GDP တိုးတက်မှုနှုန်း | ၈.၃ | % |
| ၅။ | ကယားပြည်နယ်၏ စုစုပေါင်းရငွေ ခန့်မှန်းချက် | ကျပ် ၅,၃၃၂.၉၇၂ | သန်း |
| | (က) သာမန်ရငွေ | ကျပ် ၁,၄၇၆.၇၀၅ | သန်း |
| | (ခ) ငွေလုံးငွေရင်းရငွေ | ကျပ် ၀.၆၀၀ | သန်း |
| | (ဂ) အခွန်ရငွေ | ကျပ် ၃၂၃.၆၉၀ | သန်း |
| | (ဃ) အခွန်ဝေစုရငွေ | ကျပ် ၂,၈၃၁.၉၇၇ | သန်း |
| | (င) ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ | ကျပ် ၇၀၀.၀၀၀ | သန်း |
| ၆။ | ကယားပြည်နယ်၏ စုစုပေါင်းအသုံးစရိတ် ခန့်မှန်းချက် | ကျပ် ၆၀,၂၆၆.၅၅၄ | သန်း |
| ၇။ | ကယားပြည်နယ်၏ စုစုပေါင်း လိုငွေခန့်မှန်းချက် (ပြည်ထောင်စုမှ ထောက်ပံ့ပေးထားပါသည်။) | ကျပ် ၅၄,၉၃၃.၅၈၂ | သန်း |

## ခန့်မှန်းတွက်ချက်ထားသော စားသုံးသူဈေးဆန္ဒနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းများ

အခြေခံနှစ် ၂၀၁၂ = ၁၀၀

| ဘဏ္ဍာရေးနှစ် | လ | စားသုံးသူ ဈေးဆနှုန်း (CPI) | ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation) | နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) |
|---|---|---|---|---|
| ၂၀၁၈-၂၀၁၉ | အောက်တိုဘာလ | ၁၄၈.၄၄ | ၄.၄၁ | ၄.၇၆ |
| | နိုဝင်ဘာလ | ၁၅၁.၃၆ | ၄.၃၃ | ၅.၁၅ |
| | ဒီဇင်ဘာလ | ၁၄၉.၆၄ | ၄.၁၄ | ၃.၈၆ |
| | ဇန်နဝါရီလ | ၁၅၀.၂၅ | ၄.၀၈ | ၃.၁၃ |
| | ဖေဖော်ဝါရီလ | ၁၅၀.၈၇ | ၄.၁၁ | ၃.၄၉ |
| | မတ်လ | ၁၅၁.၄၉ | ၄.၀၁ | ၃.၂၃ |
| | ဧပြီလ | ၁၅၂.၁၃ | ၄.၀၃ | ၅.၃၅ |
| | မေလ | ၁၅၂.၇၈ | ၄.၂၀ | ၆.၃၅ |
| | ဇွန်လ | ၁၅၃.၄၃ | ၄.၅၈ | ၇.၀၄ |
| | ဇူလိုင်လ | ၁၅၄.၁၀ | ၄.၆၆ | ၅.၂၈ |
| | ဩဂုတ်လ | ၁၅၄.၇၇ | ၄.၇၁ | ၅.၄၅ |
| | စက်တင်ဘာလ | ၁၅၅.၄၆ | ၄.၉၁ | ၅.၈၃ |

မှတ်ချက်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလအထိ အမှန်ကိန်းဂဏန်းပေါ်မူတည်၍ SPSS ဖြင့် ခန့်မှန်းခြင်းဖြစ်ပါသည်။

**(ဇစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့ ၊ ကယားပြည်နယ်)**


၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်က ဘယ်လို ထူးခြားချက် တွေ ရှိလဲ...
ဘဏ္ဍာရေးနှစ် ပြောင်းလဲသွားတဲ့ ဘဏ္ဍာရေး နှစ် အစပေါ့...... ယခင်က ဧပြီလ <၁> ရက်နေ့မှ မတ်လ <၃၁> ရက်နေ့ အစား အခု အောက်တိုဘာ လ <၁> ရက်နေ့ မှ စက်တင်ဘာ <၃၀> ရက်နေ့ အထိ ဖြစ်သွားပြီ ရှင့်
ဒီလို ဘဏ္ဍာရေး နှစ် ပြောင်းလဲသွားတော့ ဘယ်လို အကျိုးကျေးဇူး တွေ ရလဲ...
ပြည်သူလူထု အတွက် အကျိုးပြုတဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေကို မိုးလင်းရာသီမှာ စတင်နိုင်တဲ့ အတွက် လုပ်ငန်း တွေကို ပိုမို အဆင်ပြေ ချောမွေ့ လွယ်ကူစေ တာပေါ့ ရှင်...

# နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲတင်ပြရန် အချိန်ဇယား

| စဉ် | အကြောင်းအရာ | အချိန်ဇယား |
|---|---|---|
| ၁။ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဘတ်ဂျက် အမှာစာ ထုတ်ပြန်ခြင်း | ဇန်နဝါရီလ ပထမပတ် |
| ၂။ | ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ထောက်ပံ့ပေးနိုင်သည့် ငွေရပ်အား အကြောင်းကြားခြင်း ( ထောက်ပံ့ငွေ Ceiling အတွက် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ အကြောင်းကြားခြင်း ) | ဇန်နဝါရီလ ပထမပတ် |
| ၃။ | တိုင်းဒေသကြီး / ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများသို့ တိုင်းဒေသကြီး / ပြည်နယ် ဌာန၊ အဖွဲ့အစည်းများမှ နောက်ဆုံးထား ပေးပို့ရမည့်ရက် | ဇန်နဝါရီလ စတုတ္ထပတ် |
| ၄။ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်)သို့ ပြန်လည်ပေးပို့ခြင်း | ဧပြီလ ဒုတိယပတ် |
| ၅။ | ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်ခြင်း | ဧပြီလ စတုတ္ထပတ်/ မေလ ဒုတိယပတ် |
| ၆။ | ဒုတိယသမ္မတမှ စိစစ်ခြင်း | မေလ တတိယပတ်/ စတုတ္ထပတ် |
| ၇။ | ဘဏ္ဍာရေးကော်မရှင် အစည်းအဝေး | ဇွန်လ တတိယပတ် |
| ၈။ | ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်း | ဇူလိုင်လ ၁၅ ရက်နေ့ |
| ၉။ | ပြည်ထောင်စုလွှတ်တော်က အတည်ပြုခြင်း (ထောက်ပံ့ငွေအတွက်) | စက်တင်ဘာလ အတွင်း |
| ၁၀။ | ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုလိုက်သည့် ထောက်ပံ့ငွေရပ်များကို အကြောင်းကြားခြင်း | စက်တင်ဘာလ အတွင်း |
| ၁၁။ | တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်များသို့ တင်ပြခြင်း | စက်တင်ဘာလ အတွင်း |
| ၁၂။ | တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များမှ အတည်ပြုခြင်း | စက်တင်ဘာလ ကုန် |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ



၁။ ကယားပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ၂၁-၉-၂၀၁၈ ရက်နေ့တွင် “ **၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း** ” ကို ကယား ပြည်နယ်လွှတ်တော်သို့ တင်သွင်းသည်။

၂။ ပြည်နယ်လွှတ်တော်က “ **၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ” ကို ၅-၁၀-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ကယားပြည်နယ် လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) တွင် အတည်ပြုသည်။

၃။ ကယားပြည်နယ် ဝန်ကြီးချုပ်က **“၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ”**ကို ၅-၁၀-၂၀၁၈ ရက်နေ့တွင် လက်မှတ်ရေးထိုး၍ ၂၀၁၈ ခုနှစ်၊ ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁၂ အဖြစ် ပြဋ္ဌာန်းသည်။

၄။ “ **၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ** ” တွင် အပိုင်း (၂) ပိုင်း ဖြင့် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

(က) အပိုင်း ၁။ အမည်နှင့် စတင်အကျိုးသက်ရောက်သည့် နေ့ရက်။

(ခ) အပိုင်း ၂။ ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီး ဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ။

(၁) အပိုင်း ၂ တွင် အခန်း (၂) ခန်း ပါဝင်ပါသည်-

(кк) အခန်း (၁) ရငွေများနှင့် သုံးငွေများ။

(ခခ) အခန်း (၂) ငွေချေးယူခြင်း။

၅။ “ **၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ** ” တွင် နောက်ဆက်တွဲ ဇယား (၁) မှ ဇယား (၄) အထိ ပါရှိသည်။


၂၀၁၈-၂၀၁၉
ဘဏ္ဍာရေးနှစ်မှာ
ပြည်နယ်ရဲ့ အသုံးစရိတ်
တွေကို ဘယ်လို ခွဲဝေ
ပေးထားလဲ
ဒီနှစ်ကတော့
သာမန် အသုံးစရိတ်
ကျပ် ၁၃.၂၀၂ ဘီလီယံ
ငွေလုံးငွေရင်း အသုံးစရိတ်
ကျပ် ၄၇.၀၆၅ ဘီလီယံ
စုစုပေါင်း အသုံးစရိတ်
ကျပ် ၆၀.၂၆၇ ဘီလီယံ
ခွဲဝေ ပေးထားတယ်ရှင့်
CARTOON
2018


ဘတ်ဂျက်ထဲမှာ တိုင်းရင်းသားလူမျိုးတွေရဲ့ စာပေနဲ့ ရိုးရာယဉ်ကျေးမှု အတွက် အသုံးစရိတ်တွေ ခွဲဝေထားတာ ပါသေးလား
သာမန်အသုံးစရိတ်ထဲမှာ ကတော့ စာပေ၊ ယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ ပွဲတော်၊ အခမ်းအနားတွေအတွက် ကျပ် ၁၇၃.၆၈၃ သိန်း လျာထားပြီး ▲▲▲
နေ့လုံးနေ့ရင်း အသုံးစရိတ်မှာတော့ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ <၆> ဖွဲ့အတွက် စုပေါင်းရုံးခန်း <၆> ခန်းတွဲ <၂> ထပ် <၁၂၀'×၃၀'> ဆောက်လုပ်ခြင်းအတွက် ကျပ် ၁၈၀.၀၀၀ သိန်း
ရုံးသုံး စက်ပစ္စည်း၊ ပရိဘောဂနှင့် အခြားအသုံးစရိတ် အတွက် ကျပ် ၂၀.၀၀၀ သိန်း၊ စုစုပေါင်း ကျပ် ၂၀၀.၀၀၀ သိန်း လျာထားပါတယ်
CARTOON
2018

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
# ကယားပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ မူလခွင့်ပြုငွေစာရင်း

## ပြည်နယ်အချုပ်စာရင်း

(ကျပ်သန်းပေါင်း)

| စဉ် | | | ဌာန၊ အဖွဲ့အစည်းအမည် | ရငွေ | | | သုံးငွေ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | သာမန် | ငွေလုံး | ပေါင်း | သာမန် | ငွေလုံး | ပေါင်း |
| ၁ | | | ဗဟိုအဖွဲ့အစည်းများ | ၃,၇၄၄.၆၅၅ | | ၃,၇၄၄.၆၅၅ | ၄,၁၀၇.၇၉၉ | ၂၂,၃၇၂.၂၂၅ | ၂၆,၄၈၀.၀၂၄ |
| | ၁ | | ပြည်နယ်အစိုးရအဖွဲ့ | ၃,၇၃၁.၉၇၇ | | ၃,၇၃၁.၉၇၇ | ၂,၈၄၅.၈၂၀ | ၂၀,၆၉၇.၈၄၆ | ၂၃,၅၄၃.၆၆၆ |
| | | ၁ | အစိုးရအဖွဲ့ရုံး | ၃,၇၁၆.၉၇၇ | | ၃,၇၁၆.၉၇၇ | ၂,၀၈၄.၀၅၀ | ၆,၇၆၀.၀၈၄ | ၈,၈၄၄.၁၃၄ |
| | | ၂ | ဆည်မြောင်း | ၁၅.၀၀၀ | | ၁၅.၀၀၀ | ၃၇၅.၃၄၇ | ၈၈၃.၆၅၃ | ၁,၂၅၉.၀၀၀ |
| | | ၃ | ရေအရင်းအမြစ်အသုံးချရေး | | | | ၁၀၀.၀၀၀ | ၂၃၀.၉၉၅ | ၃၃၀.၉၉၅ |
| | | ၄ | ရုပ်မြင်သံကြားထပ်ဆင့်လွှင့် | | | | ၁၈.၁၆၇ | ၃၀.၂၃၀ | ၄၈.၃၉၇ |
| | | ၅ | ဗမာတိုင်းရင်းသား လူမျိုးရေးရာ | | | | ၁၇၃.၆၈၇ | ၂၀၀.၀၀၀ | ၃၇၃.၆၈၇ |
| | | ၆ | ရှေးဟောင်းသုတေသန | | | | ၂၇.၆၇၅ | ၃၂.၇၃၀ | ၆၀.၄၀၅ |
| | | ၇ | ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေး | | | | | ၃,၈၀၉.၅၀၅ | ၃,၈၀၉.၅၀၅ |
| | | ၈ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး | | | | | ၄,၅၂၀.၀၀၀ | ၄,၅၂၀.၀၀၀ |
| | | ၉ | ကျေးလက်လမ်းဖွံ့ဖြိုးရေး | | | | ၆၆.၈၉၄ | ၃,၉၅၃.၀၆၇ | ၄,၀၁၉.၉၆၁ |
| | | ၁၀ | မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု | | | | | ၄၃.၅၈၂ | ၄၃.၅၈၂ |
| | | ၁၁ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး | | | | | ၂၃၂.၀၀၀ | ၂၃၂.၀၀၀ |
| | ၂ | | ပြည်နယ်လွှတ်တော် | ၃.၆၀၀ | | ၃.၆၀၀ | ၅၃၄.၀၆၁ | ၁,၄၉၄.၀၅၁ | ၂,၀၂၈.၁၁၂ |
| | ၃ | | ပြည်နယ်တရားလွှတ်တော် | ၉.၀၀၀ | | ၉.၀၀၀ | ၅၆.၄၀၂ | | ၅၆.၄၀၂ |
| | ၄ | | ပြည်နယ်ဥပဒေချုပ်ရုံး | ၀.၀၂၂ | | ၀.၀၂၂ | ၂၃၇.၅၄၇ | ၁၄၄.၉၂၈ | ၃၈၂.၄၇၅ |
| | ၅ | | ပြည်နယ်စာရင်းချုပ်ရုံး | ၀.၀၅၆ | | ၀.၀၅၆ | ၄၃၃.၉၆၉ | ၃၅.၄၀၀ | ၄၆၉.၃၆၉ |
| ၂ | | | ဝန်ကြီးဌာနများ | ၅၅,၁၉၀.၈၀၃ | ၀.၆၀၀ | ၅၅,၁၉၁.၄၀၃ | ၇,၃၇၆.၅၈၆ | ၁၉,၈၅၂.၂၉၄ | ၂၇,၂၂၈.၈၈၀ |
| | ၁ | | ပြည်ထဲရေး | ၁၃၇.၂၈၉ | | ၁၃၇.၂၈၉ | ၃,၃၃၇.၉၇၆ | ၂,၄၈၈.၈၈၅ | ၅,၈၂၆.၈၆၁ |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၁၃၄.၂၆၄ | | ၁၃၄.၂၆၄ | ၂,၂၂၈.၂၇၁ | ၁,၄၁၈.၀၉၄ | ၃,၆၄၆.၃၆၅ |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀.၀၂၅ | | ၀.၀၂၅ | ၂၆၃.၁၈၇ | ၄၆.၀၄၀ | ၃၀၉.၂၂၇ |
| | | ၃ | မီးသတ်ဦးစီးဌာန | ၃.၀၀၀ | | ၃.၀၀၀ | ၈၄၆.၅၁၈ | ၁,၀၂၄.၇၅၁ | ၁,၈၇၁.၂၆၉ |
| | ၂ | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၂၄.၁၀၆ | | ၂၄.၁၀၆ | ၁,၆၁၉.၇၉၉ | ၉၂၅.၄၈၁ | ၂,၅၄၅.၂၈၀ |
| | | ၁ | စိုက်ပျိုးရေးဦးစီးဌာန | ၃.၂၅၀ | | ၃.၂၅၀ | ၉၄၀.၀၀၀ | ၂၁၁.၄၇၇ | ၁,၁၅၁.၄၇၇ |
| | | ၂ | ငါးလုပ်ငန်းဦးစီးဌာန | ၀.၈၃၅ | | ၀.၈၃၅ | ၈၉.၉၃၉ | ၂၀၃.၁၂၀ | ၂၉၃.၀၅၉ |
| | | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၁၆.၆၁၀ | | ၁၆.၆၁၀ | ၁၉၂.၀၁၇ | ၂၃၆.၇၉၉ | ၄၂၈.၈၁၆ |
| | | ၄ | သမဝါယမဦးစီးဌာန | ၂.၀၀၈ | | ၂.၀၀၈ | ၂၈၆.၇၉၀ | ၁၀၇.၁၄၄ | ၃၉၃.၉၃၄ |
| | | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်း | ၁.၄၄၃ | | ၁.၄၄၃ | ၁၁၁.၀၅၃ | ၁၆၆.၉၄၁ | ၂၇၇.၉၉၄ |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## ကယားပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ မူလခွင့်ပြုငွေစာရင်း

**ပြည်နယ်အချုပ်စာရင်း**

(ကျပ်သန်းပေါင်း)

| စဉ် | | | ဌာန၊ အဖွဲ့အစည်းအမည် | ရငွေ | | | သုံးငွေ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | သာမန် | ငွေလုံး | ပေါင်း | သာမန် | ငွေလုံး | ပေါင်း |
| | ၃ | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃.၈၉၄ | | ၁၃.၈၉၄ | ၅၇၃.၇၆၉ | ၃၉၆.၅၆၈ | ၉၇၀.၃၃၇ |
| | | ၁ | သစ်တောဦးစီးဌာန | ၁၃.၈၅၄ | | ၁၃.၈၅၄ | ၄၄၆.၃၉၇ | ၂၂၉.၁၄၈ | ၆၇၅.၅၄၅ |
| | | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၀.၀၄၀ | | ၀.၀၄၀ | ၁၂၇.၃၇၂ | ၁၆၇.၄၂၀ | ၂၉၄.၇၉၂ |
| | ၄ | | **ကျန်းမာရေးနှင့် အားကစား** | ၁၂.၅၂၂ | | ၁၂.၅၂၂ | ၃၄၃.၆၃၈ | ၁,၂၄၂.၆၃၀ | ၁,၅၈၆.၂၆၉ |
| | | ၁ | အားကစားနှင့်ကာယပညာ | ၁၂.၅၂၂ | | ၁၂.၅၂၂ | ၃၄၃.၆၃၈ | ၁,၂၄၂.၆၃၀ | ၁,၅၈၆.၂၆၉ |
| | ၅ | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | ၅၄,၉၄၆.၄၄၉ | | ၅၄,၉၄၆.၄၄၉ | ၅၄၉.၃၇၉ | ၈၄၅.၁၃၉ | ၁,၃၉၄.၅၁၈ |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၀.၆၃၇ | | ၀.၆၃၇ | ၃၂၀.၇၇၃ | ၁၃၀.၆၁၅ | ၄၅၂.၃၈၈ |
| | | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | ၀.၀၁၈ | | ၀.၀၁၈ | ၇၃.၆၃၄ | ၁၅၅.၅၂၁ | ၂၂၉.၁၅၅ |
| | | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၅၄,၉၃၃.၅၈၂ | | ၅၄,၉၃၃.၅၈၂ | ၁၀၂.၂၇၃ | ၁၉၂.၇၂၃ | ၂၉၄.၉၉၆ |
| | | ၄ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန | ၁၂.၂၁၂ | | ၁၂.၂၁၂ | ၅၁.၆၉၉ | ၃၆၆.၂၈၀ | ၄၁၇.၉၇၉ |
| | ၆ | | **ဆောက်လုပ်ရေး** | ၅၆.၅၀၃ | ၀.၆၀၀ | ၅၇.၁၀၃ | ၉၅၂.၀၂၅ | ၁၃,၉၅၃.၅၉၀ | ၁၄,၉၀၅.၆၁၅ |
| | | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၅၁.၄၀၃ | ၀.၆၀၀ | ၅၂.၀၀၃ | ၂၃၃.၈၄၇ | ၁,၉၀၁.၁၀၀ | ၂,၁၃၄.၉၄၇ |
| | | ၂ | လမ်းဦးစီးဌာန | ၅.၁၀၀ | | ၅.၁၀၀ | ၇၁၈.၁၇၈ | ၁၂,၀၅၂.၄၉၀ | ၁၂,၇၇၀.၆၆၈ |
| ၃ | | | **စည်ပင်သာယာရေးအဖွဲ့များ** | ၁,၃၃၀.၄၉၆ | | ၁,၃၃၀.၄၉၆ | ၁,၇၁၇.၇၁၂ | ၄,၈၃၉.၉၃၈ | ၆,၅၅၇.၆၅၀ |
| | | | **စုစုပေါင်း** | ၆၀,၂၆၅.၉၅၄ | ၀.၆၀၀ | ၆၀,၂၆၆.၅၅၄ | ၁၃,၂၀၂.၀၉၇ | ၄၇,၀၆၄.၄၅၇ | ၆၀,၂၆၆.၅၅၄ |

အခွန်ဝေစုရငွေ ကျပ် ၂,၈၃၁.၉၇၇ သန်း နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၇၀၀.၀၀၀ သန်း အား ပြည်နယ်အစိုးရအဖွဲ့၏ သာမန်ရငွေတွင် ထည့်သွင်းရေးဆွဲထားပါသည်။

လိုငွေအတွက် ပြည်ထောင်စုမှထောက်ပံ့ငွေ ကျပ် ၅၄,၉၃၃.၅၈၂ သန်း အား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ သာမန် ရငွေစာရင်းတွင် ထည့်သွင်းရေးဆွဲထားပါသည်။


ဒီ အသုံးစရိတ် တွေက...ဒို့ပြည်နယ် ထဲက ရတဲ့ ဝင်ငွေကနေ ပြန်သုံးထားတာလား
ပြည်နယ် ဘတ်ဂျက်မှာ ပါတဲ့ ဌာနတွေရဲ့ ရငွေက ကျပ် ၁.၈၀၁ ဘီလီယံ ပဲ လျာထားတာ...
ဟင်...ဟုတ်လား အသုံးစရိတ်တွေ များနေတော့..လိုတဲ့ ငွေကို ဘယ်က ရတာလဲ
ပြည်ထောင်စုကနေ ထောက်ပံ့ ငွေက ကျပ် ၅၄.၉၃၄ ဘီလီယံ အခွန်ဝေစုက ကျပ် ၂.၈၃၂ ဘီလီယံ လွှတ်တော် ဖွံ့ဖြိုးရေး ရန်ပုံငွေက ကျပ် ၀.၇၀၀ ဘီလီယံ စုစုပေါင်း ကျပ် ၅၈.၄၆၆ ဘီလီယံ ထောက်ပံ့ပေးတယ်လေ
CAR TOON
2018

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ရငွေလျာထားချက်




## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကယားပြည်နယ်၏ သာမန်အသုံးစရိတ် လျာထားချက်




အသုံးစရိတ်တွေကို ဘယ်လိုပုံစံနဲ့ ခွဲဝေ သုံးစွဲထားလဲ...
စုစုပေါင်းအသုံးစရိတ် ကျပ် ၆၀.၂၆၇ ဘီလီယံမှာ
ဌာနတွေရဲ့ အုပ်ချုပ်မှု အသုံးစရိတ်မှာ ကျပ် ၁၉.၄၉၇ ဘီလီယံ <၃၂.၃၅%> ဒေသ ဖွံ့ဖြိုးရေးနှင့် သဘာဝဘေး အန္တရာယ်ကာကွယ်ခြင်းနှင့် နေရာချထားရေး အသုံးစရိတ်မှာ ကျပ် ၄၀.၇၇၀ ဘီလီယံ <၆၇.၆၅%> ခွဲဝေပေး ထားပါတယ်ရှင့်
CAR TOON
2018

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက်




## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ အုပ်ချုပ်မှုအသုံးစရိတ် နှင့် ဒေသဖွံ့ဖြိုးရေးအသုံးစရိတ် လျာထားချက်




ဒေသဖွံ့ဖြိုးရေးအသုံးစရိတ်တွင် သဘာဝဘေးအန္တရာယ်ကာကွယ်ခြင်းနှင့် နေရာချထားရေးအတွက် **ကျပ် ၃၀၀.၀၀၀ သန်း** ၊ Survey စစ်တမ်းကောက်ယူခြင်း **ကျပ် ၂၀.၀၀၀ သန်း** ပါဝင် ပါသည်။


အသုံးစရိတ် ခွဲဝေချက် အရ ပညာရေး၊ကျန်းမာရေး အသုံးစရိတ်တွေ မပါဘူးလား
၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဇယား<၁>အရ ပညာရေး ကျန်းမာရေး အသုံးစရိတ်က ပြည်ထောင်စု ဘတ်ဂျက်နဲ့ သုံးရတဲ့ ဌာနတွေဖြစ်တယ်
ဒါကြောင့် ကျွန်မတို့ ပြည်နယ် ဘတ်ဂျက်မှာ မပါတာရှင့်
CARTOON
2018

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## ကယားပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ မြို့နယ်အလိုက် အသုံးစရိတ် ကောက်နုတ်ချက်
## (ကျပ် ၄၀,၄၄၉. ၅၀၃ သန်း)




မှတ်ချက်။ မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း (ကျပ် ၄၀,၄၄၉. ၅၀၃) သန်းပေါ်တွင် % တွက်ချက်ထားပါသည်။
ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မြို့နယ်အလိုက် အသုံးစရိတ် ကျပ် ၄၀,၄၄၉. ၅၀၃ သန်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်ခြင်းနှင့် နေရာချထားရေး ကျပ်၃၀၀. ၀၀၀ သန်းနှင့်စစ်တမ်းကောက်ယူခြင်း ကျပ်၂၀. ၀၀၀ သန်းပါဝင်ပြီး စုစုပေါင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်း လျာထားချက် ကျပ် ၄၀,၇၆၉. ၅၀၃ သန်း ဖြစ်ပါသည်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## မူလခန့်မှန်းခြေအသုံးစရိတ်များမှ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများ၏ အသုံးစရိတ်ကောက်နှုတ်ချက်
## ပြည်နယ်စာရင်းချုပ်

| မြို့နယ်အမည် | လုပ်ငန်းအမျိုးအစား | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | လမ်း | | တံတား | | ရေရရှိရေး | | လျှပ်စစ်မီး ရရှိရေး | | အခြား ဖွံ့ဖြိုးရေး | | စုစုပေါင်း | |
| လှိုင်ကော် | ၈၄ | ၄,၆၀၆.၇၄၆ | ၇၉ | ၃၇၂.၈၃၀ | ၃၄ | ၉၈၅.၆၁၉ | ၃၀ | ၁,၅၇၇.၉၃၈ | ၇၁ | ၃,၂၅၇.၄၅၇ | ၂၉၈ | ၁၀,၈၀၀.၅၉၀ |
| ဒီးမော့ဆို | ၅၃ | ၄,၁၇၁.၂၀၇ | ၁၁၆ | ၄၁၄.၉၀၆ | ၃၀ | ၇၈၅.၈၉၂ | ၁၁ | ၄၈၇.၀၅၀ | ၁၈ | ၁,၉၀၃.၀၁၈ | ၂၂၈ | ၇,၇၆၂.၀၉၃ |
| ဖရူဆို | ၅၄ | ၃,၀၁၈.၈၈၆ | ၇၆ | ၇၂၈.၃၅၀ | ၈ | ၃၇.၁၀၀ | ၄၈ | ၅၀၈.၅၆၉ | ၂၉ | ၈၀၃.၆၃၀ | ၂၁၅ | ၅,၀၉၆.၅၃၅ |
| ဘောလခဲ | ၃၂ | ၁,၉၁၉.၁၃၇ | ၅၁ | ၁၀၄.၀၇၀ | ၁၁ | ၂၉၄.၉၅၀ | ၁၄ | ၂၃၁.၂၃၇ | ၂၀ | ၄၃၂.၉၁၈ | ၁၂၈ | ၂,၉၈၂.၃၁၂ |
| ဖားဆောင်း | ၁၀ | ၆၅၁.၃၂၈ | ၈ | ၈၅၈.၄၆၄ | ၂ | ၂၄၇.၀၀၀ | ၁၃ | ၆၅၄.၃၇၈ | ၁၂ | ၁၁၈.၉၀၀ | ၄၅ | ၂,၅၃၀.၀၇၀ |
| မယ်စဲ့ | ၂၅ | ၃,၇၄၇.၇၀၀ | ၁၃ | ၅၃၂.၁၄၈ | ၅ | ၆၃.၅၂၀ | ၁၀ | ၁,၁၉၁.၇၇၆ | ၂၁ | ၈၈၆.၅၇၀ | ၇၄ | ၆,၄၂၁.၇၁၄ |
| ရှားတော | ၄၈ | ၃,၀၆၂.၄၁၄ | ၂၃ | ၃၃၂.၀၄၅ | ၃ | ၆၅.၉၀၀ | ၇ | ၇၆၀.၇၃၀ | ၁၉ | ၆၃၅.၁၀၀ | ၁၀၀ | ၄,၈၅၆.၁၈၉ |
| မြို့နယ် စုစုပေါင်း | ၃၀၆ | ၂၁,၁၇၇.၄၁၈ | ၃၆၆ | ၃,၃၄၂.၈၁၃ | ၉၃ | ၂,၄၇၉.၉၈၁ | ၁၃၃ | ၅,၄၁၁.၆၇၈ | ၁၉၀ | ၈,၀၃၇.၆၁၃ | ၁,၀၈၈ | ၄၀,၄၄၉.၅၀၃ |
| သဘာဝဘေးအန္တရာယ်ကာကွယ်ခြင်းနှင့် နေရာချထားရေး | | | | | | | | | | | | ၃၀၀.၀၀၀ |
| စစ်တမ်းကောက်ယူခြင်း | | | | | | | | | | | | ၂၀.၀၀၀ |
| စုစုပေါင်း | | | | | | | | | | | | ၄၀,၇၆၉.၅၀၃ |

# လှိုင်ကော်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ လျာထားချက် (ကျပ် ၁၀,၈၀၀. ၅၉၀ သန်း)



# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
# ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများ၏ အသုံးစရိတ်ကောက်နုတ်ချက်

**လုပ်ငန်းတည်နေရာ- လွိုင်ကော်မြို့နယ်**

| ဌာန၊ အဖွဲ့အစည်း အမည် | လုပ်ငန်းအမျိုးအစား | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | လမ်း | | တံတား | | ရေရရှိရေး | | လျှပ်စစ်မီး ရရှိရေး | | အခြား ဖွံ့ဖြိုးရေး | | စုစုပေါင်း | |
| အစိုးရအဖွဲ့ | ၇ | ၁,၁၀၉.၂၀၄ | ၂ | ၅၂.၀၀၀ | ၁ | ၁၅.၇၃၀ | ၂ | ၁၂.၆၉၅ | ၉ | ၈၄၆.၅၂၇ | ၂၁ | ၂,၀၃၆.၁၅၆ |
| ဆည်မြောင်း | | | | | ၅ | ၃၅၀.၇၀၃ | | | | | ၅ | ၃၅၀.၇၀၃ |
| ရေအရင်းအမြစ်အသုံးချရေး | | | | | ၁၃ | ၁၂၇.၅၀၀ | | | | | ၁၃ | ၁၂၇.၅၀၀ |
| ရှေးဟောင်းသုတေသန | | | | | | | | | ၁ | ၃၂.၇၃၀ | ၁ | ၃၂.၇၃၀ |
| ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး | ၅ | ၂၀၄.၆၁၁ | ၁၃ | ၄၉.၅၈၀ | ၃ | ၃၉.၉၈၆ | | | ၇ | ၂၆၉.၈၇၉ | ၂၈ | ၅၆၄.၀၅၆ |
| လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | | | ၂၅ | ၁,၅၀၇.၂၄၃ | | | ၂၅ | ၁,၅၀၇.၂၄၃ |
| ကျေးလက်လမ်းဖွံ့ဖြိုးရေး | ၄ | ၁၉၃.၇၈၆ | ၁၅ | ၈၆.၅၀၀ | | | | | | | ၁၉ | ၂၈၀.၂၈၆ |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး | | | | | ၃ | ၁၄၅.၀၀၀ | | | | | ၃ | ၁၄၅.၀၀၀ |
| မွေးမြူရေးနှင့်ကုသရေး | | | | | | | | | ၃ | ၉.၄၀၀ | ၃ | ၉.၄၀၀ |
| အားကစားနှင့်ကာယပညာ | | | | | | | | | ၄ | ၉၅၁.၅၇၁ | ၄ | ၉၅၁.၅၇၁ |
| မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး | | | | | | | | | ၈ | ၈၆၁.၆၀၀ | ၈ | ၈၆၁.၆၀၀ |
| လမ်းဦးစီး | ၃၅ | ၂,၀၃၉.၂၆၇ | ၄ | ၆၅.၀၀၀ | | | | | | | ၃၉ | ၂,၁၀၄.၂၆၇ |
| စည်ပင်သာယာရေး | ၃၃ | ၁,၀၅၉.၈၇၈ | ၄၅ | ၁၁၉.၇၅၀ | ၉ | ၃၀၆.၇၀၀ | ၃ | ၅၈.၀၀၀ | ၃၉ | ၂၈၅.၇၅၀ | ၁၂၉ | ၁,၈၃၀.၀၇၈ |
| **စုစုပေါင်း** | **၈၄** | **၄,၆၀၆.၇၄၆** | **၇၉** | **၃၇၂.၈၃၀** | **၃၄** | **၉၈၅.၆၁၉** | **၃၀** | **၁,၅၇၇.၉၃၈** | **၇၁** | **၃,၂၅၇.၄၅၇** | **၂၉၈** | **၁၀,၈၀၀.၅၉၀** |

မှတ်ချက် - အစိုးရအဖွဲ့တွင် ဖော်ပြထားသော လုပ်ငန်းများမှာ အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ပြည်နယ်လွှတ်တော်နှင့်ညှိနှိုင်းထားပြီး သက်ဆိုင်ရာ ဌာနများမှ တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းများဖြစ်ပါသည်။

- အခြားဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဘာသာရေးနှင့်ဆိုင်သော အဆောက်အဦများ၊ အများပြည်သူနှင့်ဆိုင်သော အဆောက်အဦများ၊ အဆောက်အဦနှင့်ဆိုင်သော ဆက်စပ်လုပ်ငန်းများ၊ အားကစားဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် တန်ဖိုးနည်းအိမ်ရာများ ပါဝင်ပါသည်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## မြို့နယ်အလိုက်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

**မြို့နယ်အမည် - လှိုင်ကော်**

| စဉ် | လုပ်ငန်းများ | ငွေရပ် (ကျပ်သန်း) |
|---|---|---|
| ၁ | **အစိုးရအဖွဲ့** | **၂,၀၃၆.၁၅၆** |
| | **(က) လမ်းတံတားခင်းခြင်းများ** | **၁,၁၆၁.၂၀၄** |
| | - နမ့်ဟူးကျေးရွာ၊ ရွာအောင်လမ်း(၉၀၀×၁၂)ပေ ကျောက်ချောလမ်းခင်းခြင်း | ၈.၉၈၀ |
| | - ဘာဒို-ထေးဌားလျား ရွာချင်းဆက်လမ်း ဆောင်ရွက်ရန်-<br>(၁) ကျောက်ချော လမ်းခင်းခြင်း (၅၄၉၀)ပေ<br>(၂) ရေပြွန်တံတား (၂၁)စင်း | ၁၈၃.၃၅၀ |
| | - မိုင်းလုံးရပ်ကွက်၊ ကတ္တရာလမ်းထိပ်မှ မြောင်းခွအထိ (၃.၇၆၃) မိုင် အား ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း၊ ကွန်ကရစ်တံတား(၁)စင်းနှင့် Box Culvert (၃) စင်း ဆောက်လုပ်ခြင်း | ၇၆၄.၀၀၀ |
| | - လှိုင်ကော်-ဒီးမော့ဆိုလမ်းမကြီးမှ မိုင်းလုံး-စည်းလင်းလမ်း အကျယ် (၁၅) ပေ ချဲ့ခြင်းနှင့် လမ်းမပေါ်ရှိတံတားအား အကျယ်(၃)ပေ ထပ်မံ တိုးချဲ့ခြင်း | ၂၂.၆၁၀ |
| | - လေးအိမ်စု-ပရဟိတကျေးရွာ ချင်းဆက်လမ်း (၂၁၀၀) ပေ ကျောက်ချောလမ်း ပြုပြင်ခြင်း | ၃၀.၆၃၅ |
| | - ပဒေါင်ကုန်း-လေးအိမ်စု ကျေးရွာချင်းဆက်လမ်း မြေသားလမ်းမှ ကျောက်ချော လမ်း (၈၅၀) ပေ ခင်းခြင်း | ၉.၉၀၀ |
| | - ဆိုလစယ်ကျေးရွာ၊ ကုန်ထုတ်လမ်းပေါ်ရှိ ချောင်းခွဲ (၇၂) ပေ ရှိ သစ်သား တံတား (၁)စင်း | ၃၆.၀၀၀ |
| | - ပဒေါင်ကုန်းကျေးရွာ မြေသားလမ်းအား အဆင့်မြှင့်တင်ခြင်း (၃၈၀၀) ပေ နှင့် Pipe Culvert (၈) စင်း | ၈၉.၇၂၉ |
| | - မထောခူကျေးရွာအုပ်စု၊ ဝမ့်ကွန်မှ မထောခူကျေးရွာ သွားလမ်းပေါ်ရှိ (၈၀) ပေ သစ်သားတံတားအား ပြန်လည်ပြုပြင်ခြင်း | ၁၆.၀၀၀ |
| | | |
| | **(ခ) ရေရရှိရေးလုပ်ငန်း** | **၁၅.၇၃၀** |
| | - ခမ္မစကြာကျေးရွာ၊ ရေရရှိရေးဂါလံ (၅၀၀၀)ဆံ့ အုတ်ရေကန် (၁)လုံး နှင့် (၂) လက်မ ပိုက် (၅၀၀၀) ပေ သွယ်တန်းခြင်း | ၁၅.၇၃၀ |
| | | |
| | **(ဂ) လျှပ်စစ်မီးရရှိရေးလုပ်ငန်း** | **၁၂.၆၉၅** |
| | - လှိုင်ကော်မြို့အဝင်မုခ်ဦး မီးထွန်းရန် | ၉.၁၈၃ |
| | - အခြေခံပညာကျောင်းများသို့ လျှပ်စစ်မီးရရှိရေးလုပ်ငန်း | ၃.၅၁၂ |

## ၂၀၁၈-၂၀၁၉ ခုႏွစ္၊ ဘ႑ာေရးႏွစ္
## ၿမိဳ႕နယ္အလိုက္ေဆာင္ရြက္မည့္ ေဒသဖြံ႕ၿဖိဳးေရးလုပ္ငန္းမ်ား

ၿမိဳ႕နယ္အမည္ - **လႈိင္ေကာ္**

| စဥ္ | လုပ္ငန္းမ်ား | ေငြရပ္ (က်ပ္သန္း) |
|---|---|---|
| | **(ဃ) အျခားလုပ္ငန္း** | **၈၄၆.၅၂၇** |
| | - (၄) တန္းသြား အေစ့ထုတ္ေျပာင္း မ်ိဳးေစ့ခ်ကိရိယာ (၅)လက္ ႏွင့္ ရိတ္သိမ္းေခြေလွ႔ ကိရိယာ (၁)စုံ ဝယ္ယူရန္ | ၄၅.၀၀၀ |
| | - မ်ိဳးေစ့လွန္းရန္တလင္း(၁)ခု (၅၀'×၄၀')၊ သီးႏွံဂိုေဒါင္(၁)လုံး (၆၀'×၄၀'×၁၈') | ၄၃.၀၀၀ |
| | - ၿမိဳ႕ေပၚရွိ ယာဥ္အႏၲရာယ္ျဖစ္ေစနိုင္ေသာ ေနရာမ်ားတြင္ အမ်ားျပည္သူ ယာဥ္ / လမ္းအႏၲရာယ္ ကင္းရွင္းေစေရးေဆာင္ရြက္မည့္လုပ္ငန္းမ်ား | ၁၀.၃၂၅ |
| | - မီးပြိဳင့္အသစ္၊ မွိတ္တုတ္မီး၀ါႏွင့္ လူကူးမ်ဥ္းၾကား ထပ္မံေရးဆြဲတပ္ဆင္ရန္ | ၄၁.၉၀၀ |
| | - မိုးသည္းထန္စြာရြာသြန္းမႈေၾကာင့္ ေနအိမ္အခ်ိဳ႕ႏွင့္ လယ္ေျမဧကအခ်ိဳ႕ ေရႀကီးနစ္ျမဳပ္မႈအား ကာကြယ္နိုင္ရန္အတြက္ ေရဆိုးထုတ္ေျမာင္းမ်ား၊ ေရငုတ္ပြန္ Syphon မ်ား ေဆာင္ရြက္ရန္ | ၃၇၃.၉၄၀ |
| | - ျပည္နယ္သာသနာေရးမွဴးရုံးမွ ရုံးသုံးစက္ပစၥည္း (ကြန္ပ်ဴတာ(၁)စုံ၊ ပရင္တာ(၁)လုံး ႏွင့္ မိတၱဴကူးစက္ (၁)လုံး) | ၂.၆၂၂ |
| | - အမိႈက္ကား (၃)စီး ဝယ္ယူျခင္း | ၂၂၅.၀၀၀ |
| | - မေထာခူေက်းရြာရွိ ဆရာအတတ္သင္ေက်ာင္း ေျမေနရာအား (၁)ဧက လွ်င္ က်ပ္သိန္း (၃၀) ႏႈန္းျဖင့္ (၃၁.၇၃)ဧကအတြက္ ေလ်ာ္ေၾကးေပးရန္ | ၉၅.၁၉၀ |
| | - ေက်ာက္ပန္းအိုးႀကီးျပဳလုပ္ၿပီး ပန္းအလွပင္စိုက္ပ်ိဳးျခင္း | ၉.၂၀၀ |
| | | |
| ၂ | **ဆည္ေျမာင္းဦးစီးဌာန** | **၃၅၀.၇၀၃** |
| | **(က) ေရရရွိေရးလုပ္ငန္း** | **၃၅၀.၇၀၃** |
| | - ထီးစဲခါးေရေပးေျမာင္း ေပတိုင္ ၁၇၂၀၀မွ ၂၇၀၀၀ ထိ ပုံစံက် ျပဳျပင္ျခင္း | ၂၇.၂၀၀ |
| | - ၿမိဳ႕နယ္အတြင္းရွိ ဆည္/ကန္၊ ေရေလွာင္တမံမ်ား၏ ေရေပးေျမာင္း ေရေမွ်ာ္ ဆယ္ျခင္းႏွင့္ ခ်ဳံၿမက္မ်ား ရွင္းလင္းျခင္း | ၃၀.၀၀၀ |
| | - ကြန္ကရစ္လိုင္နင္စီျခင္း (၃) ခု | ၂၉၃.၅၀၃ |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## မြို့နယ်အလိုက်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

**မြို့နယ်အမည် - လှိုင်ကော်**

| စဉ် | လုပ်ငန်းများ | ငွေရပ် (ကျပ်သန်း) |
|---|---|---|
| ၃ | **ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန** | **၁၂၇.၅၀၀** |
| | **(က) ရေရရှိရေးလုပ်ငန်း** | **၁၂၇.၅၀၀** |
| | - ရေတင်လုပ်ငန်းဆောင်ရွက်ခြင်း | ၃၆.၆၀၀ |
| | - ရေပေးမြောင်းများ မြက်ချုံရှင်းလင်းခြင်း၊ တူးမြောင်း အဆောက်အဦများ ပြုပြင်ခြင်း | ၅၇.၅၉၂ |
| | - ရေတင်လုပ်ငန်းများတွင် သတိပေးကြော်ငြာဆိုင်းဘုတ်များ ပြုလုပ်ခြင်းနှင့် ရေပေးဝေရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း | ၅.၈၀၈ |
| | - သောက်သုံးစက်ရေတွင်း (၅)တွင်းတူးဖော်ခြင်း | ၂၇.၅၀၀ |
| | | |
| ၄ | **ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်** | **၃၂.၇၃၀** |
| | **(က) အခြားလုပ်ငန်း** | |
| | - ပြတိုက်အဆင့်မြှင့်တင်ခြင်းလုပ်ငန်း | ၃၂.၇၃၀ |
| | | |
| ၅ | **ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး** | **၅၆၄.၀၅၆** |
| | **(က) လမ်းတံတားခင်းခြင်းများ** | **၂၅၄.၁၉၁** |
| | - ကျောက်ခင်းလမ်း (၁/၆.၀၂၉) မိုင် | ၁၉၂.၄၃၈ |
| | - လမ်းပြုပြင်ခြင်း (၁) ခု | ၁၂.၁၇၃ |
| | - ကွန်ကရစ်တံတား (၁) စင်း | ၁၉.၅၈၀ |
| | - Box Culvert (၁၂) စင်း | ၃၀.၀၀၀ |
| | | |
| | **(ခ) ရေရရှိရေးလုပ်ငန်း** | **၃၉.၉၈၆** |
| | - ဒေါဥခူ၊ ရွှေကျင်ပရိယတ္တိစာသင်တိုက်ရေရရှိရေးအတွက် ဘီလူးချောင်းမှ စက်ရေတင်စနစ်ဖြင့် ရေသွယ်ယူခြင်း | ၂၄.၂၃၆ |
| | - နွားလပိုးကျေးရွာအုပ်စု ၊ အောင်သပြေကုန်းကျေးရွာ လက်တူးတွင်းပြန်လည် ပြုပြင်ခြင်း | ၃.၇၅၀ |
| | - ဒေါနိုးကူးရပ်ကွက်၊ အထက(၇) ကျောင်း ရေသန့်စက် တပ်ဆင်ခြင်း | ၁၂.၀၀၀ |
| | | |
| | **(ဂ) သာသနာရေးလုပ်ငန်း** | **၄၈.၈၅၈** |
| | - လောပိတကျေးရွာအုပ်စု၊ ကန်နီဘုန်းကြီးကျောင်း (၄၈ × ၃၀) ပေ (၁) ထပ် ဆောက်လုပ်ခြင်း | ၄၈.၈၅၈ |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## မြို့နယ်အလိုက်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

**မြို့နယ်အမည် - လွိုင်ကော်**

| စဉ် | လုပ်ငန်းများ | ငွေရပ် (ကျပ်သန်း) |
|---|---|---|
| | **(ဃ) အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း** | **၂၂၁.၀၂၁** |
| | - နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အတွက် ကျောင်းသားအိပ်ဆောင် (၁၀၀×၃၀)ပေ RC (၂)ထပ် နှင့် (၃၂×၂၀×၁၀)ပေ (ရေချိုးခန်း၊ အိမ်သာအပါ) | ၁၈၃.၅၂၁ |
| | - တန်ဖိုးနည်းအိမ်ရာ (၅)လုံး ဆောက်လုပ်ခြင်း | ၃၇.၅၀၀ |
| | | |
| ၆ | **လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း** | **၁,၅၀၇.၂၄၃** |
| | **(က) တိုးချဲ့တည်ဆောက်ခြင်း** | |
| | - ဓါတ်အားခွဲရုံနှင့် ဓါတ်အားလိုင်းများ တည်ဆောက်ခြင်း (၂၁) ခု | ၁,၂၉၅.၇၄၃ |
| | **(ခ) အစားထိုးတည်ဆောက်ခြင်း** | |
| | - ဓါတ်အားလိုင်းများ တည်ဆောက်ခြင်း (၄) ခု | ၂၁၁.၅၀၀ |
| | | |
| ၇ | **ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန** | **၂၈၀.၂၈၆** |
| | **(က) လမ်းတံတားခင်းခြင်းများ** | |
| | - ကျောက်ခင်းလမ်း (၂) လမ်း | ၁၁၀.၅၃၂ |
| | - ကတ္တရာလမ်း (၂) လမ်း | ၈၃.၂၅၄ |
| | - သစ်သားတံတား ပြုပြင်ခြင်း (၁) စင်း | ၃.၀၀၀ |
| | - ကွန်ကရစ်တံတား (၁) စင်း နှင့် မြေကာနံရံ တည်ဆောက်ခြင်း | ၃၀.၀၀၀ |
| | - Box Culvert (၁၃) စင်း | ၅၃.၅၀၀ |
| | | |
| ၈ | **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** | **၁၄၅.၀၀၀** |
| | **(က) ရေရရှိရေးလုပ်ငန်း** | |
| | - မြေအောက်ရေ ရှာဖွေတိုင်းတာရေးကိရိယာဝယ်ယူခြင်း (၁) ခု | ၇၅.၀၀၀ |
| | - ခေတ်မီမြေတိုင်း ကိရိယာဝယ်ယူခြင်း (၂) ခု | ၇၀.၀၀၀ |
| | | |
| ၉ | **မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန** | **၉.၄၀၀** |
| | **(က) အခြားလုပ်ငန်း** | |
| | - နွားသိုး (၅) ကောင် ဖြန့်ဖြူးရေး | ၅.၀၀၀ |
| | - ဝက် (၄၀) ကောင် ဖြန့်ဖြူးရေး | ၄.၀၀၀ |
| | - တိရစ္ဆာန် ကျန်းမာရေးအထောက်အကူပြု ဆေးဝါးများ ဖြန့်ဝေခြင်း | ၀.၄၀၀ |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## မြို့နယ်အလိုက်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

**မြို့နယ်အမည် - လှိုင်ကော်**

| စဉ် | လုပ်ငန်းများ | ငွေရပ် (ကျပ်သန်း) |
|---|---|---|
| ၁၀ | **အားကစားနှင့်ကာယပညာဦးစီးဌာန** | **၉၅၁.၅၇၁** |
| | **(က) အခြားလုပ်ငန်း** | **၉၅၁.၅၇၁** |
| | - ပြည်နယ်အားကစားကွင်းတောင်ဘက် (၁၂၀×၉၀) ပေ အားကစားရုံ (၁)ရုံ | ၂၇၀.၀၀၀ |
| | - စကိုးဘုတ်မီးဖြင့် LED တပ်ဆင်ခြင်း (၅ မီတာ × ၃ မီတာ) | ၈၅.၀၀၀ |
| | - ပြည်နယ်အားကစားကွင်း(ဒေါဝ်ဥချူ) ဒေါင့်(၄)ဒေါင့် မီးဆိုင်းတည်ဆောက်ခြင်း | ၅၅၀.၀၀၀ |
| | - ဒေါဝ်ဥချူကွင်း ၃၁၅ ထရန်စဖော်မာ မီးလိုင်းသွယ်တန်းခြင်း | ၄၆.၅၇၁ |
| | | |
| ၁၁ | **မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန** | **၈၆၁.၆၀၀** |
| | **(က) အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း** | **၈၃၁.၆၀၀** |
| | - ဝန်ထမ်းအိမ်ရာစခန်း (၄)ခန်းတွဲ (၃)ထပ် (၂)လုံး (၁၀၂ × ၂၉) ပေ | ၄၁၅.၈၀၀ |
| | - ဝန်ထမ်းအိမ်ရာစခန်း (၄)ခန်းတွဲ (၃)ထပ် (၂)လုံး (၆၁.၅ × ၅၁) ပေ | ၄၁၅.၈၀၀ |
| | | |
| | **(ခ) အခြားလုပ်ငန်း** | **၃၀.၀၀၀** |
| | - ဝန်ထမ်းအိမ်ရာစခန်း တိုက်အမှတ် ( ၇ ၊ ၈ ၊ ၉ ၊ ၁၀ ) တွင် Ground Tank နှင့် ရေစင်တည်ဆောက်ခြင်း (အမြင့်(၁၅)ပေ) | ၃၀.၀၀၀ |
| | | |
| ၁၂ | **လမ်းဦးစီးဌာန** | **၂,၁၀၄.၂၆၇** |
| | **(က) လမ်းလုပ်ငန်းများ** | **၂,၀၃၉.၂၆၇** |
| | - လှိုင်ကော်-မြို့သစ်လမ်း | ၇၁၀.၃၀၅ |
| | - လှိုင်ကော်-ပွန်ချောင်း-ရှားတောလမ်း | ၁၃.၄၇၀ |
| | - လှိုင်ကော်-လောပိတလမ်း | ၅၈၀.၆၈၈ |
| | - ထီးစဲခါး-ပိန်းချစ်လမ်း | ၁.၇၅၀ |
| | - လှိုင်လင်လေး-တီးလုံလမ်း | ၅.၆၀၀ |
| | - အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လှိုင်ကော်လမ်း | ၁၀၀.၀၀၀ |
| | - တောင်ငူ-လိပ်သို-ယာဒို-လှိုင်ကော်-ဟိုပုံးလမ်း | ၆၂၇.၄၅၄ |
| | | |
| | **(ခ) တံတားလုပ်ငန်းများ** | **၆၅.၀၀၀** |
| | - အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လှိုင်ကော်လမ်း | ၂၀.၀၀၀ |
| | - တောင်ငူ-လိပ်သို-ယာဒို-လှိုင်ကော်-ဟိုပုံးလမ်း | ၄၅.၀၀၀ |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## မြို့နယ်အလိုက်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

**မြို့နယ်အမည် - လှိုင်ကော်**

| စဉ် | လုပ်ငန်းများ | ငွေရပ် (ကျပ်သန်း) |
|---|---|---|
| ၁၃ | **စည်ပင်သာယာရေးအဖွဲ့** | **၁,၈၃၀.၀၇၈** |
| | **(က) လမ်းတံတားခင်းခြင်းများ** | **၁,၁၇၉.၆၂၈** |
| | - ကတ္တရာလမ်း (၂၈) ခု | ၉၈၆.၅၇၈ |
| | - ကတ္တရာဝယ်ယူခြင်း (၃၀) တန် | ၁၉.၅၀၀ |
| | - ကွန်ကရစ်တံတား (၂၂) ခု | ၈၃.၆၃၀ |
| | - ရေပြွန် (၂၂) စင်း | ၁၆.၁၂၀ |
| | - လမ်းပြင်ဆင်ထိန်းသိမ်းခြင်း (၄) ခု | ၅၃.၈၀၀ |
| | - တံတားပြင်ဆင်ထိန်းသိမ်းခြင်း (၁) ခု | ၂၀.၀၀၀ |
| | | |
| | **(ခ) ရေရရှိရေးလုပ်ငန်း** | **၃၀၆.၇၀၀** |
| | - ရေစက်ရုံတည်ဆောက်ခြင်း (၂)လုံး | ၄.၀၀၀ |
| | - 50HP မော်တာပန့်နှင့် ဆက်စပ်ပစ္စည်း (၂)စုံ | ၂၃.၀၀၀ |
| | - ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း (၂) ခု | ၁၁၅.၃၀၀ |
| | - မင်းကျောင်းကန်-၂ အဆင့်မြှင့်တင်ခြင်း | ၁၂၂.၆၀၀ |
| | - ရေစက်ရုံများနှင့် ရေပိုက်လိုင်းများ ပြင်ဆင်ထိန်းသိမ်းခြင်း | ၄၀.၀၀၀ |
| | - ဂါလံ ၃ သိန်းဆံ့ ရေလှောင်ကန်များ ပြုပြင်မွမ်းမံခြင်း | ၁.၈၀၀ |
| | | |
| | **(ဂ) လျှပ်စစ်မီးရရှိရေးလုပ်ငန်း** | **၅၈.၀၀၀** |
| | - 200KVA ထရန်စဖော်မာ တပ်ဆင်ခြင်းနှင့် မီးလိုင်းသွယ်တန်းခြင်း | ၃၀.၀၀၀ |
| | - မြို့တွင်းလမ်းမီးများနှင့် အလှမီးများ လဲလှယ်တပ်ဆင်ခြင်း | ၂၅.၀၀၀ |
| | - ပြည်နယ်ခန်းမလျှပ်စစ်ပိုင်းဆိုင်ရာ ပြင်ဆင်ရန် | ၃.၀၀၀ |
| | | |
| | **(ဃ) အခြားလုပ်ငန်း (၃၉) ခု** | **၂၈၅.၇၅၀** |
| | | |
| | **လှိုင်ကော်မြို့နယ်စုစုပေါင်း** | **၁၀,၈၀၀.၅၉၀** |

## ဒီးမော့ဆိုမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ လျာထားချက်
## (ကျပ် ၇,၇၆၂. ၀၉၃ သန်း)



# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
# ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများ၏ အသုံးစရိတ်ကောက်နုတ်ချက်

လုပ်ငန်းတည်နေရာ- **ဒီးမော့ဆိုမြို့နယ်**

| ဌာန၊ အဖွဲ့အစည်း အမည် | လုပ်ငန်းအမျိုးအစား | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
